## *ကုန်ပစ္စည်းရောင်းချသူနှင့် ဝန်ဆောင်မှုပေးသူများအား ရွေးချယ်ဝယ်ယူခြင်း*

*အမ်ချမ်မြန်မာ ("AMCHAM") ၏ ဝယ်ယူခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို* အကောင်းဆုံး အကျိုးရလဒ် အပေါ်တွင် မူတည်၍ ဆုံးဖြတ်ရမည် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် မိမိတို့ ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှု ကိုက်ညီမှု၊ ဈေးနှုန်း၊ သယ်ယူပို့ဆောင်မှုနှင့် အရည်အသွေး တို့အပေါ် မူတည်၍ အမ်ချမ်၏ လုပ်ငန်းကို လုပ်ကိုင်ခွင့် ရရှိပါသည်။ ဝယ်ယူမှု သဘောတူညီချက်များကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး ထိုမှတ်တမ်းတွင် ရရှိမည့် ဝန်ဆောင်မှုများ (သို့မဟုတ်) ကုန်ပစ္စည်းများ၊ စာချုပ်ချုပ်ဆိုရန် ရွေးချယ်မည့် အခြေခံအချက်များနှင့် သက်ဆိုင်ရာ အခကြေးငွေ သို့မဟုတ် ဈေးနှုန်းများကို ရှင်းလင်းစွာ မှတ်တမ်း တင်ထားရမည် ဖြစ်သည်။ ပေးချေမည့် တန်ဖိုးပမာဏသည် ရရှိမည့် ဝန်ဆောင်မှု (သို့မဟုတ်) ကုန်ပစ္စည်းများနှင့် တန်ဖိုးညီရမည် ဖြစ်ပါသည်။

*အမ်ချမ်၏ ယေဘုယျမူဝါဒမှာ*

(၁) အလုပ်အတွက် လိုအပ်သည်ကိုသာ ဝယ်ယူရန်နှင့်

(၂) သယ်ယူပို့ဆောင်ရေး၊ အရည်အတွက်၊ အရေအတွက်၊ ပြုပြင်ထိန်းသိမ်းပေးမှုနှင့် အခြားသော စံသတ်မှတ်ချက်များနှင့် ရောင်းချသူ၏ ဝန်ဆောင်မှုဆိုင်ရာ ဖြည့်ဆည်း ပေးမည့် အဆိုပြုချက်များအပေါ် ဝယ်ယူခြင်းဆိုင်ရာ စံများကိုသာ အခြေခံ၍ ဝယ်ယူရန်။

ဝယ်ယူမှုများအားလုံးအတွက် အမှုဆောင်ဒါရိုက်တာမှ

- အမ်ချမ်အတွက် အကျိုးအရှိဆုံး ဝယ်ယူမှုကိုသာ ပြုလုပ်ရမည်၊
- အရည်အသွေးမြင့်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ရယူရမည်ဖြစ်ပြီး လိုအပ်သည့် အချိန်နှင့် နေရာတွင် သယ်ယူပို့ဆောင်နိုင်ရမည် ဖြစ်သည်။
- တာဝန်ယူမှုရှိသောသူထံမှ ဝယ်ယူရမည် ဖြစ်ပြီး လိုအပ် လာနိုင်သည့် အပိုပစ္စည်းများနှင့် သုံးစွဲရမည့် ပစ္စည်းများကို ပြည်တွင်း ဈေးကွက်ထဲတွင် ဝယ်ယူနိုင်ရမည် ဖြစ်သည်။
- စာချုပ်အတွက် အကောင်းဆုံး တန်ဖိုးကို ရယူရမည်။
- ဝယ်ယူသည့် အခြေအနေကို ကိုက်ညီသော အမ်ချမ်၏ လိုအပ်ချက်များနှင့် ညှိယူရမည်။
- ယုံကြည် စိတ်ချရသော ထောက်ပို့ရင်းမြစ်များကို ခိုင်မာစေရမည်။
- ကုန်ပစ္စည်း အသစ်များကိုသာ ဝယ်ယူရမည်။ အမှုဆောင်ဒါရိုက်တာ (သို့မဟုတ်) ဘုတ်အဖွဲ့ ဥက္ကဋ္ဌမှ ကြိုတင်စာရေးပြီး အတည်ပြုထားသည်မှ မဟုတ်လျှင် အသုံးပြုပြီးသော (သို့မဟုတ်) ပြန်လည် အသစ်ပြုပြင်ထားသော ကုန်ပစ္စည်းများကို မဝယ်ယူရပါ။

- အမ်ချမ်မှ အရောင်းအဝယ်တိုင်းကို လိုအပ်ချက်အတိုင်း မှတ်တမ်းတင်ထားရမည်။
- အမြဲတမ်း ကျင့်ဝတ် စောင့်ထိန်းရမည်ဖြစ်ပြီး သံသယကင်းအောင် နေရမည်၊ အကျိုးအမြတ်ဆိုင်ရာ ပဋိပက္ခဖြစ်မှုနှင့် ရောင်းချသူဆက်ဆံရေးတွင် အငြင်းပွားမှု ပေါ်ပေါက်လာခြင်းကို ရှောင်ကြဉ်ရမည်။
- ရောင်းချသူများ သို့မဟုတ် ကုန်ပစ္စည်းများ (သို့) ဝန်ဆောင်မှုပေးအပ်ရန် အလားအလာရှိသူများထံမှ ပေးအပ်သည့် မည်သည့် လက်ဆောင်ပစ္စည်းများကိုမျှ လက်ခံခြင်း မပြုရပါ။

| မူ | အတည်ပြုသည့်ရက်စွဲ | ပြန်လည် စစ်ဆေးမည့် ရက်စွဲ | စိစစ်ပြီးသည့် ရက်စွဲ | ဦးဆောင်စိစစ်သူများ | လိုက်နာရမည့် ပုဂ္ဂိုလ်များ |
|---|---|---|---|---|---|
| ၁.၀ | ဇွန်လ ၁၆၊ ၂၀၂၂ | ဒီဇင်ဘာ ၂၀၂၆ | | အမှုဆောင်ဒါရိုက်တာ၊ အတွင်းရေးမှူး | ဝန်ထမ်းများ |